# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

## ကာဂျစ်သမ္မတနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက
## ၂၇-၄-၂၀၂၂ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သော
## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအမှုအား လေ့လာတင်ပြခြင်း


လေ့လာတင်ပြသူ

၁။ ဦးစောညီညီလွင်
ဒုတိယညွှန်ကြားရေးမှူး
စီမံရေးရာဌာန

၂။ ဒေါ်ဟေမာသိန်း
ဒုတိယဦးစီးမှူး
တရားစီရင်ရေးဌာနခွဲ


၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်

# ကာဂျစ်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ၂၇- ၄- ၂၀၂၂ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သောအမှုအား လေ့လာတင်ပြခြင်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | နိုင်ငံဖွဲ့စည်းမှု | ၂ |
| | ၂.၁။ ဖွဲ့စည်းပုံအခြေခံဥပဒေများ | ၃ |
| ၃။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသမိုင်း | ၄ |
| | ၃.၁။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး ဖွဲ့စည်းပုံ | ၅ |
| | ၃.၂။ စီရင်ပိုင်ခွင့်အာဏာများ | ၆ |
| | ၃.၃။ တင်သွင်းခွင့်ရှိသူများ | ၇ |
| | ၃.၄။ ဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှု | ၈ |
| | **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအမှုအားလေ့လာတင်ပြခြင်း** | ၈ |
| ၄။ | **အမှုဖြစ်အကြောင်းအရာ** | ၈ |
| | **၄.၁။ တင်သွင်းသူများ၏လျှောက်လဲချက်** | ၉ |
| | **၄.၂။ တင်သွင်းခံရသူများ၏လျှောက်လဲချက်** | ၁၀ |
| | **၄.၃။ တရားရေးကော်မရှင်၏လျှောက်လဲချက်** | ၁၀ |
| | **၄.၄။ ဗဟိုရွေးကောက်ပွဲကော်မရှင်၏လျှောက်လဲချက်** | ၁၁ |
| | **၄.၅။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏သုံးသပ်ချက်** | ၁၁ |
| | **၄.၆။ ဆုံးဖြတ်ချက်** | ၁၅ |
| ၅။ | **နိဂုံး** | ၁၅ |
| | ကျမ်းကိုးစာရင်း | |

## ကာဂျစ်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ၂၇- ၄- ၂၀၂၂ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သောအမှုအား လေ့လာတင်ပြခြင်း

### နိဒါန်း

၁။ ကာဂျစ်သမ္မတနိုင်ငံ(Republic of Kyrgyzstan) သည် အာရှတိုက်အလယ်ပိုင်းတွင် တည်ရှိပြီး ကမ္ဘာ့ကုန်းတွင်းပိတ် နိုင်ငံပေါင်း (၄၇)နိုင်ငံ ရှိသည့်အနက် တစ်နိုင်ငံလည်းဖြစ်သည်။ နိုင်ငံ၏မြောက်ဘက်တွင် ကာဇက်စတန်နိုင်ငံ၊ အနောက်တောင်ဘက်တွင် ဥဇဘက်ကစ္စတန်နိုင်ငံ၊ တောင်ဘက်တွင် တာဂျစ်ကစ္စတန်နိုင်ငံ၊ အရှေ့ဘက်နှင့် အရှေ့တောင်ဘက်တွင် တရုတ်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက် ရှိသည်။ ကာဂျစ်နိုင်ငံသည် ဧရိယာစတုရန်း ကီလိုမီတာ ၁၉၉၀၀၀ ကျယ်ဝန်းပြီး မြန်မာနိုင်ငံနှင့် နှိုင်းယှဉ်လျှင် ၃ ပုံ ၁ ပုံခန့်သာရှိသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ နိုင်ငံရှိ လူဦးရေ မှာ ၆.၅ သန်းခန့် နေထိုင်လျက်ရှိသည်။ နိုင်ငံ၏ အကြီးဆုံးမြို့နှင့် မြို့တော်မှာ ဘစ်ရှ်ကတ် ဖြစ်သည်။ ရုံးသုံးဘာသာစကားမှာ - ကာဂျစ်ဘာသာစကား၊ ရုရှားဘာသာစကား ကိုပူးတွဲ ရုံးသုံးဘာသာစကားအဖြစ် သတ်မှတ်ထားသည်။



ကာဂျစ်သမ္မတနိုင်ငံအလံ




**ကာဂျစ်သမ္မတနိုင်ငံမြေပုံ**

## နိုင်ငံဖွဲ့စည်းမှု

၂။ ကာဂျစ်သမ္မတနိုင်ငံသည် သမ္မတဦးဆောင်သော ပါလီမန်ဒီမိုကရက်တစ်သမ္မတ နိုင်ငံဖြစ်ပြီး တစ်ပြည်ထောင်စနစ်ကျင့်သုံးသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ကာဂျစ်သမ္မတနိုင်ငံသည် သမ္မတနှင့် ဝန်ကြီးချုပ်တို့ ပူးတွဲအုပ်ချုပ်သည့် Semi-Presidential စနစ်ကို ကျင့်သုံးသည့် နိုင်ငံဖြစ်သည်။ အုပ်ချုပ်ရေးတွင် သမ္မတသည် နိုင်ငံတော်အကြီးအကဲဖြစ်ပြီး ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့ အကြီးအကဲဖြစ်သည်။ ဥပဒေပြုရေးအာဏာကို လွှတ်တော်တစ်ရပ်သာရှိသော ပါလီမန်သို့ အပ်နှင်းထားသည်။ တရားစီရင်ရေးအာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၊ တရားလွှတ်တော်ချုပ်၊ ဒေသဆိုင်ရာတရားရုံးများ၊ ဥပဒေအရ တည်ထောင်ထားသော အထူးတရားရုံးများသို့ အပ်နှင်းထားပါသည်။




**ကာဂျစ်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ**

## ဖွဲ့စည်းပုံအခြေခံဥပဒေများ

၂.၁။ ကာဂျစ်သမ္မတနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေများကို ၁၉၉၃ ခုနှစ် နှင့် ၂၀၂၁ ခုနှစ်တို့တွင် ရေးဆွဲပြဋ္ဌာန်းခဲ့ပါသည်။ ကာဂျစ်သမ္မတနိုင်ငံ၏ ပထမဆုံးသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၉၃ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် စတင်အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ရှစ်ကြိမ်တိုင်တိုင် ပြင်ဆင်ခဲ့သည်။ လက်ရှိကျင့်သုံးလျက်ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

၁၉၉၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါလီမန်ကို အာဏာပိုမိုအပ်နှင်းထားသော်လည်း ၂၀၂၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါလီမန်၏အာဏာများကို လျှော့ချကာ နိုင်ငံတော်သမ္မတ၏ အာဏာများကို ပြန်လည်အပ်နှင်းထားကြောင်း လေ့လာတွေ့ရှိရပါသည်။ ၂၀၂၁ ခုနှစ် ကာဂျစ်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အပိုင်း (၅) ပိုင်းပါရှိပြီး အပိုဒ်ပေါင်း (၁၁၆) ခု ပါဝင်ပါသည်။



**ကာဂျစ်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး**

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသမိုင်း

၃။ ကာဂျစ်သမ္မတနိုင်ငံ၏ ပထမဆုံးသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည့် ၁၉၉၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ပင် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံးကို ဖွဲ့စည်းရန် ထည့်သွင်း ပြဋ္ဌာန်းခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ၁၉၉၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့ တွင် စတင်တည်ထောင်ခဲ့သည်။ ၁၉၉၃ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံး (Constitutional Court) ဟု ခေါ်ဆိုခဲ့သော်လည်း ၂၀၁၀ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်မှုအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး (Constitutional Court) ဟူသော အမည်ကို တရားရုံးချုပ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအဖွဲ့ (Constitutional Chamber of the Supreme Court) ဟု ပြောင်းလဲခေါ်ဆိုခဲ့သည်။ ယခု လက်ရှိကျင့်သုံးနေသော ၂၀၂၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံး (Constitutional Court) ဟု ပြန်လည် ပြင်ဆင်ခေါ်ဆိုခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် မြို့တော် ဘစ်ရှ်ကတ်တွင် ရုံးထိုင်ပြီး လိုအပ်ပါက နိုင်ငံတွင်းမည်သည့် နေရာတွင်မဆိုရုံးထိုင်၍ တရားစီရင်ပိုင်ခွင့်ရှိသည်။ ကာဂျစ်သမ္မတနိုင်ငံ၏

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးနှင့်စပ်လျဉ်းသော ပြဋ္ဌာန်းချက်များကို ၂၀၂၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အပိုင်း (၃)၊ အခန်း (၄) အပိုဒ် ၉၇ တွင် ပြဋ္ဌာန်းထားသည်။ ကာဂျစ်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ၂၀၁၅ ခုနှစ်မှစ၍ အာရှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများ (The Association of Asian Constitutional Court and Equivalent Institutions – AACC) ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။



**ကာဂျစ်သမ္မတနိုင်ငံ တရားရုံးတရားသူကြီးများ**

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး ဖွဲ့စည်းပုံ

၃.၁။ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၉၇ (၁) အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသော အခြေခံမူများ လူ့အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကာကွယ်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းကျောင်းနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်မှုနည်းလမ်းမှတစ်ဆင့် တရားစီရင်ရေးအာဏာကို ကျင့်သုံးသည့် အမြင့်ဆုံး တရားရုံး ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥပဒေအခန်း (၂) အပိုဒ် ၅ (၁) တွင် ကာဂျစ်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ အပါအဝင် တရားသူကြီး (၉) ဦး

ဖြင့် ဖွဲ့စည်းထားရှိသည်။ အပိုဒ် ၅ (၂) တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး တရားသူကြီး၏ အရည်အချင်းများကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်-

(က) ကာဂျစ်သမ္မတနိုင်ငံသားဖြစ်သူ၊

( ခ ) အသက်၄၀နှစ် မှ အသက် ၇၀ နှစ်ထက် မကြီးသူ၊

( ဂ ) ဥပဒေပညာဘွဲ့ ရရှိပြီးသူ၊

(ဃ) ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြု၍ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၁၅) နှစ် ရှိသူ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး တရားသူကြီးများကို ပါလီမန်ကိုယ်စားလှယ်စုစုပေါင်း၏ (Deputies of Jogorku Kenesh) အနည်းဆုံး ထက်ဝက်ခန့်ရှိသော ကိုယ်စားလှယ်များ၏ ထောက်ခံ ဆန္ဒမဲဖြင့် ရွေးချယ်ခန့်အပ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥပဒေ အခန်း (၂) အပိုဒ် ၆ (၁) တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥက္ကဋ္ဌကို (Jogorku Kenesh) ပါလီမန် ကိုယ်စားလှယ်စုစုပေါင်း၏ အနည်းဆုံးထက်ဝက်ခန့်ရှိသော ကိုယ်စားလှယ်များ၏ ထောက်ခံဆန္ဒမဲနှင့် တရားသူကြီးများကောင်စီ၏ အဆိုပြုချက်တို့အရ နိုင်ငံတော်သမ္မတက ခန့်အပ်သည်။ အပိုဒ် ၆ (၂) အရ ဒုတိယဥက္ကဋ္ဌကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥက္ကဋ္ဌ၏ အဆိုပြုချက်အရ နိုင်ငံတော်သမ္မတက ခန့်အပ်သည်။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ ရာထူးသက်တမ်းမှာ (၅) နှစ် ဖြစ်သည်။ ၂၀၂၁ ခုနှစ် ကာဂျစ်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥပဒေတွင် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၏ ရာထူးသက်တမ်းမှာ (၅) နှစ်ဖြစ်သည်ဟု ဖော်ပြထားသော်လည်း ကျန်တရားသူကြီးများ၏ ရာထူးသက်တမ်းကိုမူ သတ်မှတ်ပြဋ္ဌာန်းထားခြင်း မရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

**စီရင်ပိုင်ခွင့်အာဏာများ**

၃.၂။ ကာဂျစ်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၉၇ (၂) အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးခြင်း၊

(၂) ကာဂျစ်သမ္မတနိုင်ငံ၏ ဥပဒေနှင့် အခြားဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ ဖြေရှင်းဆောင်ရွက်ခြင်း၊

(၃) နိုင်ငံအတွင်း အာဏာသက်ဝင်ခြင်း မရှိသေးသည့် ကာဂျစ်သမ္မတနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်ချုပ်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များကို

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ - မရှိ စိစစ်၍ သဘောထား မှတ်ချက်ပေးခြင်း၊

(၄) နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းများအကြား လုပ်ပိုင်ခွင့်အာဏာနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်လာသည့် အငြင်းပွားမှုများကို ဖြေရှင်းခြင်း

(၅) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းဆိုင်ရာ ဥပဒေမူကြမ်းအား သဘောထားမှတ်ချက်ပေးခြင်း၊

(၆) နိုင်ငံတော်သမ္မတအား စွပ်စွဲပြစ်တင်ရာတွင် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်သင့်ကြောင်း သဘောထား မှတ်ချက်ပေးခြင်း။

**တင်သွင်းခွင့်ရှိသူများ**

၃.၃။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥပဒေအပိုဒ် ၁၉ (၁) အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းခွင့်ရှိသူများမှာ -

(က) ဥပဒေတစ်ရပ်ရပ်နှင့် အခြားသောစည်းမျဉ်းများသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေ အရ ပေးအပ်ထားသော အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ချိုးဖောက်နေသည်ဟု ယုံကြည်ယူဆလျက်ရှိသော လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် ဥပဒေအရ တရားစွဲဆိုပိုင်ခွင့်ရှိသူ တစ်ဦးဦး

( ခ ) နိုင်ငံတော်သမ္မတ

( ဂ ) ပါလီမန်

(ဃ) ပါလီမန်မှ ဖွဲ့စည်းထားသောအဖွဲ့အစည်းများ

( င ) ဝန်ကြီးများကောင်စီတွင် ပါဝင်သော ဝန်ကြီးများ

( စ ) တရားလွှတ်တော်ချုပ်

(ဆ) ပြည်နယ်အစိုးရ အာဏာပိုင်များ

( ဇ ) ရှေ့နေချုပ်

( ဈ ) Ombudsman

( ည ) တရားသူကြီးများ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥပဒေအပိုဒ် ၁၉ (၂) အရ အပိုဒ်ခွဲ (၁) ၏ အမှတ်စဉ် (ခ) မှ (ဈ) အထိ ဖော်ပြထားသော အာဏာပိုင်များနှင့် အဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံ

ဥပဒေဆိုင်ရာတရားရုံးသို့ အဆိုပြုလွှာအဖြစ် တင်သွင်းရမည်ဖြစ်ပြီး အခြားကျန်ရှိသော ပုဂ္ဂိုလ်များသည် တင်သွင်းလွှာအဖြစ် တင်သွင်းရမည်ဖြစ်သည်။ တရားသူကြီးများက တင်သွင်းလျှောက်ထားမှု တောင်းဆိုလွှာအဖြစ် တင်သွင်းရမည်ဖြစ်သည်။

**ဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှု**

၃.၄။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၉၇ (၄) အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်ပြီး အယူခံဝင်ခြင်းမပြုရ ဟုပြဋ္ဌာန်းထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၉၇ (၅) အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း ဆုံးဖြတ်ပါက ယင်းဥပဒေနှင့် ဥပဒေပြဋ္ဌာန်းချက်များ၊ ဥပဒေကဲ့သို့ အာဏာတည်သောဥပဒေများ၊ အာဏာပိုင်များက ပြဋ္ဌာန်းသည့် စည်းမျဉ်းဥပဒေများသည် ကာဂျစ်သမ္မတနိုင်ငံ၏ နယ်နိမိတ်အတွင်း၌ ပျက်ပြယ်သွားမည်ဖြစ်သည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအမှုအားလေ့လာတင်ပြခြင်း

## အမှုဖြစ်အကြောင်းအရာ

၄။ **ကာဂျစ်သမ္မတနိုင်ငံ၏ သမ္မတနှင့် ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များ (Deputies of Jogorku Kenesh) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေ** အပိုဒ် ၂၈ (၆) ပါ ပြဋ္ဌာန်းချက်များသည် **ကာဂျစ်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ** အပိုဒ် ၂၃ (၂)၊ (၄)၊ (၅)၊ အပိုဒ် ၃၂ (၁)၊ (၂)၊ (၃)၊ အပိုဒ် ၃၃ (၁) နှင့် (၃) တို့နှင့် ညီညွတ်မှု ရှိ-မရှိ စိစစ်ဆုံးဖြတ်ပေးနိုင်ပါရန် ၂၇- ၇- ၂၀၂၁ ရက်နေ့တွင် ကာဂျစ်သမ္မတနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းလာသည့် အမှုဖြစ်ပါသည်။

**တင်သွင်းသူများ**

(က) Akhmat Kirgizbaevich Alagushev. (ရွေးကောက်ခံကိုယ်စားလှယ်)

(ခ) Nurbek Kudaiberdievich Sydykov. (ရွေးကောက်ခံကိုယ်စားလှယ်)

**တင်သွင်းခံရသူများ**

(က) ပါလီမန် (Jogorku Kenesh)၊ ၎င်း၏ကိုယ်စား တရားလွှတ်တော်ရှေ့နေ(၂)ဦး

**အမှုနှင့်သက်ဆိုင်သူများ**

(က) တရားရေးဝန်ကြီးဌာန၊ ၎င်း၏ကိုယ်စား တရားလွှတ်တော်ရှေ့နေ Aysaklyn Sherkulovna Sherkulova

(ခ) ဗဟိုရွေးကောက်ပွဲကော်မရှင်၊ ၎င်း၏ကိုယ်စား တရားလွှတ်တော်ရှေ့နေ Medina Mirlanovna Kutberdieva

**တင်သွင်းသူများ၏လျှောက်လဲချက်**

၄.၁။ တင်သွင်းသူများမှ **ကာဂျစ်သမ္မတနိုင်ငံ သမ္မတနှင့် ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းဥပဒေအပိုဒ် ၂၈ (၆) ပါ ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၃ (၂)၊ (၄)၊ (၅) နှင့် အပိုဒ် ၃၂ (၁)၊ (၂)၊ (၃) အပိုဒ် ၃၃ (၁)နှင့် (၃)တို့တွင် ဖော်ပြထားသည့် ရည်ရွယ်ချက်များနှင့် ကိုက်ညီမှုမရှိသည့်အပြင် ပွင့်လင်းမြင်သာမှုမရှိကြောင်း** လျှောက်လဲခဲ့သည်။ တင်သွင်းသူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၃၂ (၁)၊ (၂) နှင့် (၃) တို့တွင် နိုင်ငံသားတိုင်းသည် ၎င်းတို့၏ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ခွင့်၊ လွတ်လပ်စွာပြောဆိုခွင့်နှင့် ပုံနှိပ်ထုတ်ဝေခွင့်ရှိသည်ဟု ဖော်ပြထားသည်ဟု ယူဆသည်။ ထို့ကြောင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မိမိတို့၏ ထင်မြင်ယူဆချက်များကို ထုတ်ဖော်ပြောဆိုရန်နှင့် ရုပ်သိမ်းရန်အတင်းအကျပ် စေခိုင်းခြင်းမပြုနိုင်ကြောင်း လျှောက်လဲခဲ့သည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းရယူပိုင်ခွင့်သည် ကိုယ်စားလှယ်လောင်းများအပါအဝင် လူတိုင်းနှင့် သက်ဆိုင်သည်။ ထို့ကြောင့် ကိုယ်စားလှယ်များအပြန်အလှန် မဲဆွယ်စည်းရုံးမှုများတွင် နိုင်ငံသားများသည် ရုပ်မြင်သံကြားမှတစ်ဆင့် ထုတ်လွှင့်သောသတင်းများကို နားထောင်နိုင်ပြီး ဝေဖန်မှုများကို ထုတ်ဖော်ပြောဆိုသင့်သည်ဟု လျှောက်လဲခဲ့သည်။

ဖော်ပြပါ ရွေးကောက်ပွဲဆိုင်ရာဥပဒေအပိုဒ်သည် **နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (International Covenant on Civil and Political Rights)** ပါ အပိုဒ် ၁၉၊ အပိုဒ်ခွဲ ၃ နှင့်လည်းဆန့်ကျင်နေသည်။ ယင်းသဘောတူ စာချုပ်ပါ အပိုဒ် ၂၅ အရ နိုင်ငံတော်အနေဖြင့် ပြည်သူ့ရေးရာကိစ္စရပ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် နိုင်ငံသားများကို တူညီသောအခွင့်အလမ်းများ ပေးအပ်ရာတွင် ခွဲခြားဆက်ဆံမှုများမရှိသော ကန့်သတ်ချက်များကို ပြဋ္ဌာန်းနိုင်သည်။

အထက်ဖော်ပြပါ အချက်များကြောင့် **ကာဂျစ်သမ္မတနိုင်ငံ သမ္မတနှင့် ဥပဒေပြုလွှတ်တော် ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းဥပဒေ**အပိုဒ် ၂၈ (၆) ပါ ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သော ပြဋ္ဌာန်းချက်များဖြစ်ကြောင်း ဆုံးဖြတ်ပေးနိုင်ပါရန် လျှောက်လဲခဲ့ပါသည်။

**တင်သွင်းခံရသူများ၏လျှောက်လဲချက်**

၄.၂။ တင်သွင်းခံရသူများအနေဖြင့် တင်သွင်းသူများ၏လျှောက်လဲချက်ကို လက်ခံနိုင်ခြင်း မရှိကြောင်း၊ တင်သွင်းသူများ တင်ပြသည့် အငြင်းပွားသော ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိကြောင်း လျှောက်လဲခဲ့သည်။

ပါတီအသီးသီးမှ ကိုယ်စားလှယ်များ၏မဲဆွယ်စည်းရုံးခြင်းသည် မဲဆန္ဒရှင်များအကြား ပဋိပက္ခဖြစ်ပွားစေနိုင်ပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို အနှောက်အယှက်ဖြစ်ပေါ်စေခြင်း ရှုပ်ထွေးသောအခြေအနေများဖြစ်ပေါ်စေခြင်း စသည့် အခြေအနေများဖြစ်ပေါ်နိုင်ကြောင်း၊ ထို့ကြောင့် အငြင်းပွားနေသော ပြဋ္ဌာန်းချက်များသည် အခြားကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို လေးစားလိုက်နာစေသည့် အလေ့အကျင့်ကောင်းများ ဖွံ့ဖြိုးတိုးတက်စေပြီး အထောက်အကူဖြစ်စေသည်ဟု ယုံကြည်ပါကြောင်း လျှောက်လဲတင်ပြခဲ့သည်။

အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးသဘောတူညီချက်များ **(အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူ စာချုပ်)** အရ လွတ်လပ်စွာထုတ်ဖော်ခွင့်ကို လေးစားလိုက်နာရန်တာဝန်ရှိပြီး တစ်ချိန်တည်းမှာပင် အခြားသူများ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာ၊ နိုင်ငံတော်လုံခြုံရေး၊ ငြိမ်ဝပ်ပိပြားရေးတို့ကို လေးစားလိုက်နာရမည် ဖြစ်သည့်အပြင် ကိုယ်ကျင့်တရားများကို ကာကွယ်ရန်လိုအပ်သည့် ကန့်သတ်ချက်များ ဖြစ်ပေါ်လာရခြင်းဖြစ်သည်ဟု လျှောက်လဲခဲ့သည်။

**တရားရေးဝန်ကြီးဌာန၏လျှောက်လဲချက်**

၄.၃။ တရားရေးဝန်ကြီးဌာန၏ကိုယ်စားလှယ်က **ကာဂျစ်သမ္မတနိုင်ငံ သမ္မတနှင့် ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းဥပဒေ**အပိုဒ် ၂၂ တွင် ရွေးကောက်ပွဲအကြိုကာလ စည်းရုံးမဲဆွယ်ရေးလှုပ်ရှားမှုများကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးထားသည့်အပြင် မဲဆွယ်စည်းရုံးရမည့် နည်းလမ်းများကိုလည်း အာမခံပေးထားကြောင်း တင်ပြခဲ့သည်။ အပိုဒ် ၂၈ (၆) ပါ ပြဋ္ဌာန်းချက်သည် ဖော်ပြပါဥပဒေအပိုဒ် ၂၂ ပါ ပြဋ္ဌာန်းချက်များနှင့် ကွဲလွဲနေပေသည်။

**ဓနသဟာယနိုင်ငံများ၏ ဒီမိုကရက်တစ်ရွေးကောက်ပွဲများ၊ ရွေးကောက်ပွဲအခွင့်အရေးနှင့် လွတ်လပ်မှုဆိုင်ရာသဘောတူစာချုပ် (Convention on Democratic Elections, Election Rights and Freedoms in the Commonwealth of Independent States)** တွင် သတ်မှတ်ထားသည့် ဒီမိုကရေစီအခြေခံသော ရွေးကောက်ပွဲဆိုင်ရာစံနှုန်းများနှင့်လည်း မကိုက်ညီပေ။ ထို့ကြောင့် ကာဂျစ်သမ္မတနိုင်ငံ သမ္မတနှင့် ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းဥပဒေအပိုဒ် ၂၈ ကို ပြန်လည်သုံးသပ်ရန်လိုကြောင်း လျှောက်လဲခဲ့သည်။

## ဗဟိုရွေးကောက်ပွဲကော်မရှင်၏ လျှောက်လဲချက်

၄.၄။ ကာဂျစ်သမ္မတနိုင်ငံ၏ ရွေးကောက်ပွဲများနှင့် လူထုဆန္ဒခံယူပွဲလုပ်ထုံးလုပ်နည်းများကို ကာဂျစ်သမ္မတနိုင်ငံ သမ္မတနှင့် ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းဥပဒေနှင့်အညီ ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း၊ နိုင်ငံသားများသည် ရွေးကောက်တင်မြှောက်ခြင်းဥပဒေနှင့်အညီ ၎င်းတို့၏မဲပေးပိုင်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ကို ကျင့်သုံးရမည်ဖြစ်ကြောင်းကို ကာဂျစ်သမ္မတနိုင်ငံ သမ္မတနှင့် ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းဥပဒေအပိုဒ် ၃၊ အပိုဒ်ခွဲ (၅) တွင် ပြဋ္ဌာန်းထားကြောင်း တင်ပြ လျှောက်လဲခဲ့သည်။ အပိုဒ် ၂၂တွင် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်ဆိုသည့် ပြဋ္ဌာန်းချက်တွင် အကြို ကာလမဲဆွယ်စည်းရုံးရေး လှုပ်ရှားမှု နှင့် မဲဆန္ဒရှင်များအား သတင်းအချက်အလက်ပေးခြင်းတို့ ပါဝင်ကြောင်း၊ ယင်းသဘောတရားကို တိတိကျကျ ဖော်ပြထားကြောင်း လျှောက်လဲတင်ပြခဲ့သည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏သုံးသပ်ချက်

၄.၅။ ကာဂျစ်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးဥပဒေ အပိုဒ် ၁၇၊ အပိုဒ်ခွဲ (၄) နှင့်အညီ တရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်စပ်လျဉ်း၍ အငြင်းပွားဖွယ်ဖြစ်စေသော ဥပဒေအပိုင်းကို သာစီရင်ချက်ချမှတ်ရမည်ဖြစ်သည်။ ထို့ကြောင့် ယခုအမှုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် **ကာဂျစ်သမ္မတနိုင်ငံ သမ္မတနှင့် ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းဥပဒေအပိုဒ် ၂၈၊ အပိုဒ်ခွဲ (၆)** တွင် ပြဋ္ဌာန်းထားသည့် ကိုယ်စားလှယ်လောင်းများနှင့် ပါတီများသည် အခြားကိုယ်စားလှယ်လောင်းများကို ဆန့်ကျင်စေသော အကြောင်းအရာများအား အကြိုမဲဆွယ်ကာလတွင် ရုပ်မြင်သံကြားဆက်သွယ်ရေး ရုပ်သံလိုင်းများမှတစ်ဆင့် မဲဆွယ်စည်းရုံးခြင်းမပြုရန် တားမြစ်ထားသော ကိစ္စရပ်ကိုသာ စီရင်ဆုံးဖြတ်ရမည်ဖြစ်သည်။

အဆိုပါ ရွေးကောက်တင်မြှောက်ခြင်းဥပဒေသည် ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင် ဥပဒေ အမှတ် ၅၄ ဖြင့် ရေးဆွဲထုတ်ပြန်ခဲ့ပြီး အာဏာသက်ရောက်နေသောတည်ဆဲဥပဒေ တစ်ရပ်ဖြစ်သည်။

ကာဂျစ်သမ္မတနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ ဒီမိုကရေစီ စနစ်ကို ကျင့်သုံးသည့်နိုင်ငံဖြစ်သည်။ ထို့ကြောင့် ကာဂျစ်သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၇၊ အပိုဒ်ခွဲ (၁) ပါ ပြဋ္ဌာန်းချက်အရ နိုင်ငံသားတိုင်းသည် အာဏာပိုင်အဖွဲ့အစည်းများ နှင့် ဒေသ ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်အဖွဲ့များကို ရွေးချယ်ပိုင်ခွင့်နှင့် အဆိုပါအဖွဲ့များတွင် ဝင်ရောက် ရွေးကောက်ခံပိုင်ခွင့်တို့ရှိသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၂၊ အပိုဒ်ခွဲ (၄) အရ ရွေးကောက်ပွဲများနှင့် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲများကို မဲပေးပိုင်ခွင့်ရှိသူများမှ လွတ်လပ်ခြင်း၊ တရားမျှတခြင်းကို အခြေခံ၍ တိုက်ရိုက်

ဆန္ဒမဲပေးခြင်းဖြင့် ရွေးကောက်တင်မြှောက်ရမည်။ ဆန္ဒမဲပေးရာတွင် လျှို့ဝှက်ဆန္ဒမဲပေးခြင်း စနစ်ကို ကျင့်သုံးဆောင်ရွက်ရမည်ဖြစ်သည်။ အထက်ဖော်ပြပါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေမှ သီးခြားခွဲထုတ်၍မရသော အပြည်ပြည်ဆိုင်ရာသဘောတူညီချက် စံနှုန်းများပင်ဖြစ်သည်။

ထို့ပြင် ဒီမိုကရေစီရွေးကောက်ပွဲစနစ်၏ အနှစ်သာရဖြစ်သော အဓိကအချက်မှာ မဲဆန္ဒရှင်များကို ဖိအားပေးခြင်း သို့မဟုတ် အကျပ်ကိုင်ခြင်းမပြုဘဲ ၎င်းတို့၏လိုလားချက်ကို လွတ်လပ်စွာ ထင်ရှားစေခြင်းပင်ဖြစ်သည်။ ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်သော ရွေးကောက်ပွဲများ ဖြစ်ပေါ်လာစေရန်မှာ မဲဆန္ဒရှင်များကို ဆန္ဒမဲပေးရန် ဆန္ဒဖြစ်ပေါ်လာစေမည့် သတင်းအချက်အလက်များကို တန်းတူညီမျှ ဖြန့်ဝေခြင်းဖြစ်သည်။ ကာဂျစ်သမ္မတနိုင်ငံ၊ နိုင်ငံသားများ၏ ရွေးကောက်ပွဲဆိုင်ရာအခွင့်အရေးတွင် နိုင်ငံတော်အာဏာပိုင်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့များကို ရွေးချယ်ခွင့်နှင့် အဆိုပါအဖွဲ့များတွင် ပါဝင်ရွေးကောက်ခံပိုင်ခွင့် ရှိရုံသာမက ရွေးကောက်ပွဲအကြိုမဲဆွယ်စည်းရုံးမှုများတွင်လည်း ပါဝင်ခွင့်ရှိသည်။

ရွေးကောက်ပွဲအကြိုမဲဆွယ်စည်းရုံးမှုသည် ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများ၏အကြောင်းကို သိသာထင်ရှားစေသော သတင်းအရင်းအမြစ်တစ်ခုဖြစ်သည်။ ထို့ပြင် ၎င်းတို့အား မဲဆန္ဒရှင်များက ပိုမိုယုံကြည်လာနိုင်စေသည့်အတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအနက် အရေးကြီးသော လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ ထို့ကြောင့် ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများအနေဖြင့် မိမိတို့ဆောင်ရွက်မည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ သတင်းမီဒီယာများ၊ ရွေးကောက်ပွဲဆိုင်ရာ ပုံနှိပ်ထုတ်ဝေမှုများနှင့် လူမှုကွန်ရက်များမှတစ်ဆင့် မိမိတို့အား ထောက်ခံသော မဲဆန္ဒရှင်များကိုဆက်သွယ်ရန်နှင့် မဲဆန္ဒရှင်အသစ်များကိုစည်းရုံးနိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်း ဖြစ်သည်။ ထို့ပြင် ထိုသို့သတင်းအချက်အလက်များ ဖြန့်ဝေခြင်းကြောင့် မဲဆန္ဒရှင်များအနေဖြင့် ကိုယ်စားလှယ်လောင်းများ၏ အရည်အချင်းများကိုသိရှိကာ မိမိတို့၏သဘောဆန္ဒဖြင့် လွတ်လပ်စွာမဲပေး ရွေးချယ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံသားများ၏ ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးများ၊ ဒီမိုကရေစီစရိုက်လက္ခဏာများကို အာမခံပေးသည့် ရွေးကောက်ပွဲ သတင်းအချက်အလက်နှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်ကို ဥပဒေပြုလွှတ်တော်က ချမှတ်သင့်သည်။

ရွေးကောက်ပွဲကာလအတွင်း မဲဆန္ဒရှင်များက ကိုယ်စားလှယ်လောင်းများနှင့် ပါတီများကို သတိရှိရှိရွေးချယ်နိုင်စေရန်အတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့်ပတ်သက်သော သတင်းအချက်အလက်များ ရယူနိုင်သည့် အခြေအနေများကို ဖန်တီးဆောင်ရွက်ပေးသင့်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၃၂ နှင့် ၃၃ တွင် လွတ်လပ်စွာထုတ်ဖော်ခွင့်နှင့် လွတ်လပ်စွာသတင်း ရယူပိုင်ခွင့်တို့ကို အာမခံပေးထားသည်။ ထို့ကြောင့် ကျိုးကြောင်းဆီလျော်သော ထင်မြင်ယူဆချက်များကို အကာအကွယ်ပေးထားရုံသာမက သံသယဖြစ်ဖွယ်သောအချက်အလက်များနှင့် အခြားသူများအပေါ်

များယွင်းသော ထင်မြင်ယူဆချက်များကိုလည်း လွတ်လပ်စွာဖြန့်ဝေခွင့်ပြုထားသည်ဟု မှတ်ယူနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လွတ်လပ်စွာပြောဆိုခွင့်သည် လူ့အဖွဲ့အစည်းတွင် အပြုသဘောဆောင်သည့် ဖြစ်စဉ်တစ်ခုအဖြစ် မယူဆနိုင်ပေ။

အကြိုမဲဆွယ်စည်းရုံးခွင့်သည် လွတ်လပ်စွာ ပြောဆိုခွင့်ကို အကာအကွယ်ပေးထားပြီး အကြိုမဲဆွယ်စည်းရုံးခြင်းများသည် အာဏာပိုင်အဖွဲ့အစည်းများကို ဖွဲ့စည်းရာတွင် အဓိကကျသော လုပ်ငန်းစဉ်တစ်ခုဖြစ်သည့်အတွက် လူ့အဖွဲ့အစည်းတစ်ခုလုံး၏အကျိုးစီးပွားအတွက် ပွင့်လင်းမြင်သာပြီး ရှင်းလင်းပြတ်သားသော ဆောင်ရွက်ချက်များနှင့် စည်းကမ်းချက်များကို ချမှတ်ရမည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ခြင်းသည် မဲဆွယ်စည်းရုံးရေးကာလအတွင်း လွတ်လပ်စွာပြောဆိုခွင့်နှင့် မီဒီယာလွတ်လပ်ခွင့်တို့အား အလွဲသုံးစားပြုခြင်းကို တားမြစ်ထားသည့် **လွတ်လပ်သောဓနသဟာရနိုင်ငံများရှိ ဒီမိုကရက်တစ် ရွေးကောက်ပွဲများ၊ ရွေးကောက်ပွဲအခွင့်အရေးများနှင့် လွတ်လပ်မှုများဆိုင်ရာ သဘောတူညီချက် (The Convention on the Standards of Democratic Elections, Electoral Rights and Freedoms in the CIS Member States)** အပိုဒ် ၁၃၊ အပိုဒ်ခွဲ (၆) နှင့် **ကာဂျစ်သမ္မတနိုင်ငံ၏ သမ္မတနှင့် ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များ (Deputies of Jogorku Kenesh) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေ**အပိုဒ် ၂၈၊ အပိုဒ်ခွဲ (၂) ပါ ပြဋ္ဌာန်းချက်များနှင့် အညီဖြစ်သည်။ ထို့ကြောင့် ရွေးကောက်ပွဲအကြိုကာလနှင့် ရွေးကောက်ပွဲကာလများ၌ ပုံမှန်အခြေအနေများတွင် ဆောင်ရွက်ခွင့်မရရှိနိုင်သည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ ကန့်သတ်ချက်များကို ချမှတ်နိုင်သည်ဟု ယူဆရမည်ဖြစ်သည်။ သို့ဖြစ်၍ ဥပဒေပြုလွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော အခွင့်အာဏာများအတွင်းမှ မဲဆန္ဒရှင်များအား လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အခြေအနေများကို ဖန်တီးပေးနိုင်ရန် မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်နှင့် လုပ်ထုံး လုပ်နည်းများကို ပြဋ္ဌာန်းပိုင်ခွင့်ရှိသည်။

ရွေးကောက်ပွဲနှင့်သက်ဆိုင်သူအားလုံးအတွက် သတင်းအချက်အလက်သာတူညီမျှရယူ နိုင်ခြင်းနှင့် ရွေးကောက်ပွဲအကြိုကာလတွင် မဲဆန္ဒရှင်များက ၎င်းတို့ကြိုက်နှစ်သက်သည့် အကြောင်းအရာများကို ထုတ်ဖော်ပြောဆိုနိုင်ခြင်းသည် ပွင့်လင်းမြင်သာမှုရှိပြီး သန့်ရှင်းသောရွေးကောက်ပွဲစနစ်၏ အခြေခံအချက်များပင်ဖြစ်သည်။ လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်၊ လွတ်လပ်စွာ သတင်းရယူပိုင်ခွင့်စသည်ဖြင့် နိုင်ငံတော်က ပေးအပ်သည့်အခွင့်အရေးများရှိသော်လည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်၌ ပါဝင်နေသူများသည် ဘဏ္ဍာရေး၊ နည်းပညာနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာအရင်းအမြစ်များ၊ ကန့်သတ်ချက်များကြောင့် ရွေးကောက်ပွဲအကြို မဲဆွယ်စည်းရုံးမှုဆောင်ရွက်ရာတွင် ဥပဒေအရ ပေးအပ်ထားသော အခွင့်အရေးများကို အပြည့်အဝအသုံးမပြုနိုင်ပေ။ ထို့ကြောင့် နိုင်ငံတော်သည် မီဒီယာများကို အခကြေးငွေပေးခြင်းဖြင့် မဲဆန္ဒရှင်များကို သံသယဖြစ်ပွားစေသော သတင်းအချက်

အလက်များဖြန့်ဝေခြင်းမဖြစ်စေရန်နှင့် လိုအပ်သောအချက်အလက်များကို ဟန်ချက်ညီစွာ ရရှိနိုင်ရန်ဆောင်ရွက်သည်။

နိုင်ငံတော်သည် ရွေးကောက်ပွဲတည်ငြိမ်ရေးနှင့် ပြည်သူများ၏သဘောဆန္ဒအမှန်ကို ထုတ်ဖော်နိုင်ရေးတို့အတွက် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကို ပြည်သူများအား အလုံးစုံ အသိပေးဆောင်ရွက်ပေးရမည်ဖြစ်သည်။ ၎င်းတို့အတွက် တူညီသောကျင့်ဝတ်စည်းကမ်းကို နိုင်ငံတော်က ချမှတ်ပေးပိုင်ခွင့်ရှိသည်။ ယင်းသို့ချမှတ်ရာတွင် နိုင်ငံတော်သည် နိုင်ငံတကာ စံနှုန်းများကို လိုက်နာရမည့်အပြင် မဲဆွယ်စည်းရုံးရာတွင်လည်း တာဝန်ယူမှု တာဝန်ခံမှုရှိသော စရိုက်လက္ခဏာများကိုလည်း လိုက်နာသင့်သည်။ နိုင်ငံတော်က ပေးအပ်ထားသော အခွင့်အရေးများကို အသုံးပြုရာတွင် မည်သည့်ကိုယ်စားလှယ်လောင်းမဆို မှားယွင်းစွာဖော်ပြမှု၊ မှားယွင်းစွာပုတ်ခတ် ပြောဆိုမှုနှင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသောကတိကဝတ်များကို ဆောင်ရွက်ခြင်းမပြုရပါ။

ယခုပြဋ္ဌာန်းထားသောရွေးကောက်ပွဲဆိုင်ရာဥပဒေသည် မဲဆွယ်စည်းရုံးရာတွင် ကိုယ်စားလှယ်လောင်းများအား များစွာသောအခွင့်အရေးများကိုပေးအပ်ထားသော်လည်း ၎င်းတို့က ရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းမရှိပေ။ ရွေးကောက်ပွဲ အကြိုမဲဆွယ်စည်းရုံးခြင်းကို နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့်ဆောင်ရွက်ရာတွင် ထိခိုက်စေခြင်းမရှိသော်လည်း အခြားသော အခကြေးငွေဖြင့် ဆောင်ရွက်သည့်မီဒီယာများနှင့် အွန်လိုင်းထုတ်ဝေမှုများကို ဆောင်ရွက်ရာတွင်မူ သတိပြုဆောင်ရွက်ကြရမည်။

အထက်ပါအကြောင်းချင်းရာများအပေါ်သုံးသပ်ချက်အရ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ပါဝင်သည့် မဲဆန္ဒရှင်များနှင့် ကိုယ်စားလှယ်လောင်းများအား အခြားကိုယ်စားလှယ်လောင်းများနှင့် ဆက်စပ်သည့် ၎င်းတို့၏ရပ်တည်ချက်နှင့် သဘောထားအမြင်များအပေါ် လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ထုတ်ဖော်ခွင့်ကို အတိုင်းအတာတစ်ခုအထိ အကန့်အသတ်ဖြင့် ပေးအပ်ရမည်ဖြစ်သည်။ ထို့ကြောင့် ကန့်သတ်ချက်များထည့်သွင်းပြဋ္ဌာန်းခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည်ဟုမဆိုနိုင်ပေ။

သို့ရာတွင် ဥပဒေပြုလွှတ်တော်အနေဖြင့် ထိုသို့သော ကန့်သတ်ချက်များထည့်သွင်းပြဋ္ဌာန်းရာတွင် တိကျသေချာပြီး ရှင်းလင်းစေရမည့်အပြင် လက်ရှိတည်ဆဲဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုရှိရမည်ဖြစ်သည်။ ဥပဒေအနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်းဆိုင်ရာ စံနှုန်းများကို သိရှိနားလည်ပြီး အနက်အဓိပ္ပါယ်ဖွင့်ဆိုမှသာ တိကျသေချာမှုရှိမည်ဖြစ်သည်။ ထို့ပြင် ကွဲလွဲနေသည့် ဥပဒေသဘောတရားများသည် ရှင်းလင်းမှုမရှိသည့်အတွက် ရွေးကောက်ပွဲတွင်ပါဝင်နေသူများအနေဖြင့် မိမိတို့ထင်မြင်ယူဆသည့်အတိုင်း ကောက်ယူ အသုံးပြုမှုများဖြစ်ပွားစေနိုင်သဖြင့်

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီညွတ်သော ဆောင်ရွက်ချက်များ ပေါ်ပေါက်လာစေနိုင်မည်ဖြစ်သည်။ ထို့ကြောင့်အဆိုပါအသုံးအနှုန်းများကို ဥပဒေနှင့် အညီ ပြင်ဆင်ရမည်ဖြစ်သည်။

**ဆုံးဖြတ်ချက်**

၄.၆။ အထက်ဖော်ပြပါသုံးသပ်ချက်များအရ ကာဂျစ်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေအပိုဒ် ၄၈၊ ၄၉၊ ၅၂ နှင့် ၅၃ တို့အရ အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည်-

**ကာဂျစ်သမ္မတနိုင်ငံ သမ္မတနှင့် ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းဥပဒေအပိုဒ် ၂၈ (၆) သည် ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် အပိုဒ် ၂၃ (၂) ၊(၄) ၊ (၅) နှင့် အပိုဒ် ၃၂ (၁)မှ (၃)၊ အပိုဒ် ၃၃(၁) ပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်း မရှိဟု မှတ်ယူရမည်ဖြစ်ကြောင်း၊ ၂၇-၄-၂၀၂၂ ရက်နေ့တွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။**

**နိဂုံး**

၅။ ကာဂျစ်သမ္မတနိုင်ငံသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်ရေးစံနှုန်းများကို လေးစားလိုက်နာသောနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ နိုင်ငံသားတိုင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာထင်မြင်ယူဆခွင့် စသည့်အခြေခံအခွင့်အရေးများကို ကျင့်သုံးရာတွင် အခြားအခြေခံအခွင့်အရေးတစ်ခုဖြစ်သည့် ဂုဏ်သိက္ခာနှင့် ကိုယ်ရေးကိုယ်တာကိစ္စရပ်များကို အကာအကွယ် ရပိုင်ခွင့်ရှိသည်ဆိုသည့်အခွင့်အရေးကို မျှတစွာသုံးသပ်အဓိပ္ပါယ်ဖွင့်ဆိုထားသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါအပိုဒ်များ၏အဓိပ္ပါယ်ကို ကျယ်ပြန့်စွာစဉ်းစားသုံးသပ် ဆုံးဖြတ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကာဂျစ်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥပဒေအပိုဒ် ၁၉ (၂) အရ အပိုဒ်ခွဲ (၁) ၏ အမှတ်စဉ် (ခ) မှ (ဈ) အထိ ဖော်ပြထားသော အာဏာပိုင်များနှင့် အဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံးသို့ အဆိုပြုလွှာအဖြစ် တင်သွင်းရပြီး အခြားကျန်ရှိသော ပုဂ္ဂိုလ်များသည် တင်သွင်းလွှာအဖြစ် တင်သွင်းရသည်။ တရားသူကြီးများက တင်သွင်းလျှောက်မှု တောင်းဆိုလွှာအဖြစ် တင်သွင်းရမည်ဖြစ်ကြောင်း လေ့လာသိရှိခဲ့ရပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းခွင့်ရှိသူများအားလုံးသည် တင်သွင်းလွှာအဖြစ်သာ တင်သွင်းရသည်ကို လေ့လာသိရှိခဲ့ရပါသည်။

## ကျမ်းကိုးစာရင်း

၁။ The Constitution of the Kyrgyz Republic, 2021.

၂။ Constitutional Law of the Kyrgyz Republic, “On the Constitutional Court of the Kyrgyz Republic”, 2021.

၃။ Constitutional Law of the Kyrgyz Republic, “On Elections of the President of the Kyrgyz Republic and the Deputies of the Jogorku Kenesh of the Kyrgyz Republic, 2011.

၄။ Convention on Democratic Elections, Election Rights and Freedoms in the Commonwealth of Independent States.

၅။ International Covenant on Civil and Political Rights.